University *of* Taxila®

## CCR Program Terms and Conditions

## CCR ပရိုဂရမ်နှင့် ပတ်သတ်သော စည်းမျဉ်းအခြေအနေများ

(က) သင်တန်းပရိုဂရမ်ကို ပြီးဆုံးအောင် တက်ရောက်နိုင်သူ ဖြစ်ရမည်။ သင်တန်းပရိုဂရမ် ကာလအတွင်း အတန်းချိန် (၃) ချိန်ထက် ပိုမိုပျက်ကွက်ပါက ပရိုဂရမ်မှ ထုတ်ပယ်မည် ဖြစ်ပါသည်။ (ကျန်းမာရေး နှင့် နာရေးများ အရေးပေါ်ဖြစ်ပေါ်လာပါက ခိုင်လုံသော မှတ်တမ်းအထောက်အထားနှင့်တကွ ခွင့်တိုင်ကြားရန် လိုအပ်ပါသည်။)

(ခ) ကျောင်းသား/သူများအနေဖြင့် သင်တန်းပရိုဂရမ်အား တက်ရောက်ရန် လျှောက်ထားရာတွင် ဖြည့်သွင်းထားသော အချက်အလက်များကို ရည်ရွယ်ချက်ရှိရှိဖြင့် လိမ်လည်ဖြည့်သွင်းပါက ပရိုဂရမ်မှ ချက်ချင်းထုတ်ပယ်မည် ဖြစ်ပါသည်။

(ဂ) ကျောင်းသား/သူများအနေဖြင့် သင်တန်းပရိုဂရမ်ကာလအတွင်း Google Classroom နှင့် Zoom များအား အသုံးပြုရာတွင် မိမိတစ်ဦးတည်းသာ အသုံးပြုတက်ရောက်ရပါမည်။ မှတ်တမ်းများအရ တစ်ဦးထက်ပိုမို အသုံးပြုနေကြောင်း တွေ့ရှိရပါက ပရိုဂရမ်မှ ထုတ်ပယ်မည် ဖြစ်ပါသည်။ (မိမိ၏ အီးမေးအကောင့်များ ဟက်ခံရခြင်းများ ဖြစ်ပေါ်လာပြီး တစ်ဦးထက်ပိုမိုအသုံးပြုနေပါကလည်း သင်တန်းရေးရာဌာနမှ တာဝန်ယူခြင်း၊ တာဝန်ခံခြင်းများ ပြုလုပ်ပေးမည် မဟုတ်ကြောင်း အထူးသတိပြုရပါမည်။)

(ဃ) ကျောင်းသား/သူများအနေဖြင့် သင်ကြားပို့ချသူ ဆရာ/မများအား ရိုသေလေးစားစွာ ဆက်ဆံရန်နှင့် တက်ရောက်သူများအချင်းချင်း ရိုသေလေးစားစွာ ဆက်သွယ်ပြောဆိုကြရပါမည်။

(င) ကျောင်းသား/သူများအနေဖြင့် သတ်မှတ်ထားသော အိမ်စာများအား အချိန်မီပြီးစီးအောင် ရေးသား ကြရပါမည်။ အိမ်စာများအား နှစ်ကြိမ်တိုင် အချိန်မီမပြီးစီးပါက ပရိုဂရမ်မှ ထုတ်ပယ်မည် ဖြစ်ပါသည်။

(စ) ကျောင်းသား/သူများအနေဖြင့် သင်တန်းချိန်များတွင် သင့်တင့်လျောက်ပတ်စွာ ပြုမူပြောဆိုရပါမည်။

(ဆ) ကျောင်းသား/သူများအနေဖြင့် သင်တန်းချိန်များတွင် သင်ခန်းစာများအကြောင်း ဆွေးနွေးလိုသည့် အခါ၊ မေးခွန်းများ မေးမြန်းလိုသည့်အခါတွင် လက်ထောင်သည့် ခလုတ်အား နှိပ်ပြီး အစဉ်လိုက် ဆွေးနွေးရန် လိုအပ်ပါသည်။

(ဇ) ကျောင်းလခပေးသွင်းသွားပြီးသည့်အခါ ပရိုဂရမ်မှ ထုတ်ပယ်ခံရခြင်းနှင့် မိမိဘာသာ နှုတ်ထွက်ခြင်းများအတွက် ပေးသွင်းပြီးသော ကျောင်းလခအား ကျောင်းသား/သူများအနေဖြင့် ပြန်လည်ရရှိမည် မဟုတ်ပါ။

(ဈ) ကျောင်းသား/သူများအနေဖြင့် သင်တန်းကာလအတွင်း အခါအားလျော်စွာ ထုတ်ပြန်သော စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

(ည) ပညာသင်ဆုများ ရွေးချယ်ပေးအပ်ရာတွင် အငြင်းပွားဖွယ်ရာအချက်များ ပေါ်ပေါက်လာပါက ပညာသင်ဆုစိစစ်ရွေးချယ်ရွေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်ပါသည်။